**ကြိုတင်တောင်းပန်ခြင်း**

ဤစာစဉ်သည် Myanmar Cupid မှ တင်ထားသော Post များကို အများသူငါ ဖတ်ရှုနိုင်ရန် စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်တွင် မူရင်းစာအုပ် မရှိပါသောကြောင့် စာစဉ်များအားလုံး ပြည့်စုံမှု ရှိမရှိ တိုက်ကြည့်ခြင်းငှာ မတတ်နိုင်ပါ။ ထို့ကြောင့် အကယ်၍ စာမူများ ကြွင်းကျန်ရစ်ခဲ့သော် သည်းခံပေးကြပါရန် တောင်းပန်အပ်ပါသည်။

**စာစဉ်များ စုစည်း ပူဇော်သူ**

## ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ( ပထမပိုင်း )


၀.၁။ ဓာတ်ပုံတော်များ
၀.၂။ နိဒါန်းစကား
၀.၃.၁။ မြန်မာနိုင်ငံ သာသနာ၀င် ခရီးတစ်လျှောက် အစမှ ‘အစိုးရ၏ အားပေးမှု’ ခေါင်း
၀.၃.၂။ ‘အစိုးရ၏ အားပေးမှု’ မှ မြန်မာနိုင်ငံ သာသနာ၀င် ခရီးတစ်လျှောက် ခေါင်းစဉ်ဆုံးထိ
၀.၄။ မဟာစည်ဆရာတော်
၀.၅.၁။ ဝေဘူဆရာတော် အစမှ ‘ဗုဒ္ဓ၏ တစ်နေ့တာ လုပ်ငန်းစဉ်’ ခေါင်းစဉ်ခွဲမတိုင်ခင်ထိ
၀.၅.၂။ ‘ဗုဒ္ဓ၏ တစ်နေ့တာ လုပ်ငန်းစဉ်’ မှ ဝေဘူဆရာတော် ခေါင်းစဉ်ဆုံးထိ

ပျူနိုင်ငံ ဟန်လင်းခေတ်
၁.၁။ ဈာန်အဘိညာဉ်ရ ရဟန္တာသာမဏေ
၁.၂။ ဈာန်အဘိညာဉ်ရ ဒိန်ကျောင်း အရှင် သုမေဓာ

သရေခေတ္တရာခေတ်
၂.၁။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ
၂.၂။ ဝိပဿနာရှုရာမှ အင်းဝိဇ္ဇာဖြစ်ခဲ့သော ရှင်ဉတ္တမသိရီ

သထုံခေတ်
၃.၁။ အရှင်ဂဝံပတိမထေရ
၃.၂။ ဈာန်အဘိညာဉ်ရ ပြာဏာဒဿီ မထေရ်

ပုဂံခေတ်
၄.၁။ ရှင်အရဟံ မထေရ်

၄.၂။ ပုံသုကူမထေရ်
၄.၃။ ငှက်ပစ်တောင် အရှင်ပဏ္ဍိတမထေရ်
၄.၄။ ပေါင်လောင်ရှင် ကဿပ
၄.၅။ ပုဂံခေတ် ကမ္ဘောဇ္ဇန်းကျမ်းပြု အရိယာပုဂ္ဂိုလ်များ (နာဂဂုဏ်ငယ်၊ နာဂဂုဏ်ကြီး )
၄.၆။ ဒိသာပြာမုက် ဆရာတော် (ဦးကျည်ပွေ့) နှင့် ကူဗလေခန် ဘုရင်ကြီး
၄.၇။ နန်းတောင်းများဆရာနှင့် တက်သေးကြီး

ပင်းယခေတ်
၅.၁။ ရှင်ဒိဗ္ဗစက် ရဟန္တာထွေး
၅.၂။ ရေငုံဆရာတပည့် (မဏိမဉ္ဇူ ဆရာတော်)
၅.၃။ သမိုင်းကပေးသော မြန်မာတို့တာဝန်
၅.၄။ ဈာန်အဘိညာဉ်ရ အညာတကုဏ္ဍည်း မထေရ်
၅.၅.၁။ ဘုရားပွင့်ရာ အိန္ဒိယနိုင်ငံ၌ အဘယ့်ကြောင့် သာသနာ ကွယ်ပျောက်သနည်း အစမှ 'ဝိဇ္ဇာတွေဥုံချ၍ ပုဂံသို့ပြေးလာကြပုံ' ခေါင်းစဉ်ခွဲမတိုင်ခင်ထိ
၅.၅.၂။ 'ဝိဇ္ဇာတွေဥုံချ၍ ပုဂံသို့ပြေးလာကြပုံ' ခေါင်းစဉ်ခွဲမှ ဘုရားပွင့်ရာ အိန္ဒိယနိုင်ငံ၌ အဘယ့်ကြောင့် သာသနာ ကွယ်ပျောက်သနည်း ခေါင်းစဉ်ဆုံးထိ

အင်းဝခေတ်
၆.၁။ တက်သေးသူမြတ်နှင့် ပုခန်းကြီး ကိုရင်သုမေဓာ
၆.၂.၁။ ရွှေဥမင်နှင့် တောင်ဖီလာဆရာတော် အစမှ 'သတို့သမီးလေးနှင့် တစ်ညတာ' ခေါင်းစဉ်ခွဲမတိုင်ခင်ထိ
၆.၂.၂။ 'သတို့သမီးလေးနှင့် တစ်ညတာ' ခေါင်းစဉ်ခွဲမှ ရွှေဥမင်နှင့် တောင်ဖီလာဆရာတော် ခေါင်းစဉ်ဆုံးထိ



အံချော်၍ပင် နေတတ်ကြ၏။ မြတ်စွာဘုရားရှင် ဟောကြားသော တရားတော်သည် လူပြိန်းများပင် ရှုမှတ်ပွားများနိုင်အောင် လွယ်ကူလှပါပေ၏။

'ရှေ့မှာရောက်နေတဲ့ ထမင်းပွဲ ထိုင်စားရတာ၊ တည်ထားတဲ့ ရေအိုးမှာ ခပ်ပြီး သောက်ရတာကမှ ခက်ပါသေးတယ်။ ကြာပါသေးတယ်။ ရုပ်ပေါ် နာမ်ပေါ်မှာ ထားရတာ(ရှုမှတ်ရတာ) အလုပ်လဲမပျက်၊ ငွေလဲမကုန်၊ လူလဲ မပန်း၊ နေရာလဲ မရွေးရ၊ လွယ်လိုက်တာဗျာ။ လွယ်လိုက်တာမှ အင်မတန် လွယ်တာဗျ။' ဟု တဖွဖွ ထောက်ခံ ဟောကြားသည်ကိုပင် ကျွန်ုပ်တို့ 'လေးနက်သည်' ဟု မထင်မိကြ။

'သူများ နေရာမကျတာကို လျှောက်မပြောနဲ့။ ကိုယ်နေရာကျတာ မကျတာသိရင် တော်ပြီ။ နေရာမကျတာကို နေရာမကျဘူးလို့ သိရင် နေရာကျပြီဗျာ့။ နေရာလဲ မကျဘဲနဲ့ နေရာကျတယ်ထင်နေတာကတော့ နည်းနည်းလေးမှ မျှော်လင့်စရာ မရှိဘူးဗျာ့။' (၂၄၊၄၊၁၉၅၅) ဟူ၍ ပြတ်ပြတ်သားသား ဟောကြားဆုံးမတော်မူ သည်ကိုလည်း သတိမူကြရပေလိမ့်မည်။

**မာတိကာမှ နိဒ္ဒေသ**

၁၀-မိနစ် ၁၅-မိနစ်ခန့် အကျဉ်းချုပ် မာတိကာကို ရေစက်ချသကဲ့သို့ ဟောသွားပြီးနောက် ဝတ္ထုသက်သေသာဓက၊ မေးကာ၊ ဖြေကာ၊ မကုန်နိုင်သော ဥပမာ၊ဥပမေယျတို့ဖြင့် အားတက်သရော ဟောတော်မူရာ ထိုအခါ အသံမှာ ကြည်လင်ပြတ်သားကာ နားကြား၍ မငြီးဖြစ်လာရသည်။

အချိန်အခါ မြင့်မြတ်ပုံ၊ ဘဝတန်ဖိုးကြီးပုံ၊ ဒါန၊သီလ၊ မေတ္တာ၊ခန္တီ စသော ပါရမီကုသိုလ်များ စသည်ဖြင့် မာတိကာ စကားထဲမှ တစ်ခု နှစ်ခုကို အခါအားလျော်စွာ၊ အကြောင်းအားလျော်စွာ အကျယ်ချဲ့ထွင်၍ ဟောကြားရာ နားမလည်သူဟူ၍ မရှိနိုင်အောင် ရှင်းလင်းလှ၏။

'အကြောင်းအားလျော်စွာ အကျယ်ချဲ့ထွင်၍ ဟောသည်' ဆိုရာတွင် အကျွန်ုပ်တို့မသိနိုင် မမြင်နိုင်သော အကြောင်းများစွာ ငုပ်ကွယ်လျက် ရှိပါ၏။ အတွင်းနေပုံမှန် ပရိသတ်များကို ဟောကြားရာ၌ ထို'အကြောင်းအားလျော်စွာ' သည် အလွန်အဓိပ္ပာယ်ရှိသည်ကို တွေ့ရ၏။ အနီးကပ်အမြင်နှင့် အဝေးက အမြင်သည် ကွားခြားမြဲဖြစ်သည်။

မည်သို့ဖြစ်စေ'ကျော်ကြားသည်' ဟု ဆိုကာ တရားပွဲကြီးများနှင့် ကြုံ၍ ရံဖန်ရံခါ ဝင်ရောက်နာသူများကား ဓမ္မရသ ပေါ်မည်မဟုတ်ချေ။ ဆရာတော်၏ တရားများတွင် ပါဠိပါဌ်သားလည်း မပါ။ ခန္ဓာ၊အာယတန၊ ဓာတ်၊သစ္စာ၊အဘိဓမ္မာ စကားလုံးကြီးများကိုလည်း မကြားရ။ သို့သော် ဆရာတော်၏ တရားများသည် လူများစု အတွက် အရေးကြီးဆုံးလိုက်နာရမည့် အချက်များ၌ ကွက်ကွက်ကွင်းကွင်းကြီး ရှိ၏။ ထိုအချက်များကပင် စဉ်းစားစရာဖြစ်နေသည်ကို ကျွန်ုပ်တို့ သတိမထားမိကြ။

ကမ္မဋ္ဌာန်းနည်းများကို ခြုံ၍ သိမ်သိမ်မွေ့မွေ့ သုံးသပ်ပြခြင်း၊ ဗုဒ္ဓခေတ်အကြောင်း၊ လက်ရှိအခြေအနေနှင့် အနာဂတ်အကြောင်း တစ်လောကလုံးကို ခြုံ၍ သိမ်သိမ်မွေ့မွေ့ သုံးသပ်ပြခြင်း၊ ဗုဒ္ဓခေတ်အကြောင်း၊ လက်ရှိအခြေအနေနှင့် အနာဂတ်အကြောင်း တစ်လောကလုံးကို ခြုံ၍ ဟောပြောသော စကားများမှာ အလွန် စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။

'ဒီချမ်းသာကို သိပြီလားဆိုမှဖြင့် သူတော်ကောင်း အစားစားတို့ဟာ အားချိန် နားချိန်မျှမထားပဲ တစ်ဆက်တည်း ဆောင်ကြတော့တာပဲ' ဟုလည်း မကြာခဏ ဟောတော်မူလေ့ရှိ၏။ ဝိပဿနာ ရှုပွားရသော ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ဖြင့် ၂၄-နာရီ လုံးလုံး နေတော်မူကြပုံ၊ ထိုချမ်းသာ၏ အတုမရှိ မြင့်မြတ်ငြိမ်းအေးပုံ။ မရသေးသော တရားများကို ရရှိစေရန် လက်ငင်းချမ်းသာစွာ နေရရန် (ဒိဋ္ဌဓမ္မ

**အင်ကြင်းမြောင် ဆရာတော် အံ့ဖွယ်များ**

၁၅–ရက်ခန့်ရှိလျှင် နာသီးဝတွင် အာရုံနမိတ်ပေါ်လာ၍ မဝေခွဲနိုင်သဖြင့် အင်ကြင်းမြောင် ဆရာတော်ထံ သွားရောက်လျှောက်ထားရသည်။ ရှေးကလည်း အင်ကြင်းမြောင် ဆရာတော်ဟု ကြားဖူး၏။ “ငါလည်း စာတတ်သားပဲ၊ ငါတို့နှင့် ဘာထူးမှလဲ” ဟူသော မာန်ကြောင့် ဆည်းကပ်ရမှန်းမသိခဲ့၊ ကမ္မဋ္ဌာန်းအလုပ်လုပ်၍ မရှင်းလင်းသောအခါ သွားရောက် လျှောက်ထားရာမှ ကြီးမှန်းငယ်မှန်း သိရတော့သည်။ ဆရာတော်ကြီးထံ နည်းခံ၍ ခြောက်လခန့် အားထုတ်စဉ် ရေအခက်အခဲကြောင့် ကမာရွတ်ကုန်းမြေသို့ ပြောင်းရွှေ့နေထိုင်ရ၏။ ဒကာများလည်း ကျောင်းလေးတစ်ကျောင်း ဆောက်လှူကြသည်။ သုံးလေးရက်အရတွင် ထိုကျောင်းကို မီးလောင်သဖြင့် တပ်၍ ဆောက်လှူကြပြန်သည်။ ကျောင်းဆရာ ဦးရာကျော် ဆိုသူသည် သူ့စိတ်ကူးနှင့်သူ ကျောင်းတိုင်အစေ့ မြေဖြူနှင့် ‘နိဗ္ဗိန္ဒ၊ နိဗ္ဗိန္ဒ’ ဟု ရေးခြစ်တားသဖြင့် ၁၂၇၅–ခုနှစ်က စ၍ ထိုအမည်အတိုင်း ခေါ်ဝေါ်ကြလေသည်။

ပရိယတ်မာန်ခံ၍ အင်းကြင်းမြောင် ဆရာတော်ထံ စောစောက မရောက်မိသည်ကို နောင်တဖြစ်မိ၏။ နီးနီးကပ်ကပ် နေရသောအခါကျမှ ဆပ်၍မကုန်နိုင်သော ကျေးဇူးဂုဏ်များရှိသည်ကို တွေ့ရသည်။ ထိုဆရာတော်ဘုရားကြီးအား ၂၃–ဝါအရတွင် ပြည်မြို့ အင်ကြင်းမြောင်တောရ၌ တောထွက်တော်မူသည်။

ထိုဆရာတော်၏ ဂုဏ်ထူးငါးခုကို အောက်ပါအတိုင်း မှတ်သားထား၏။
၁။ ကောင်းကင်မှ လဝန်းကို မိမိနေရာ ကျောင်းပေါ် သို့ ရောက်အောင် တင်နိုင်ခြင်း။
၂။ သေတ္တာစသည်၌ သော့မခတ်ပဲ ဂုဏ်တော်ရွတ်ရုံမျှ ဖြင့် ဖွင့်နိုင်ပိတ်နိုင်ခြင်း။
၃။ သစ်ပင်တောတောင်တို့ကို ဖောက်ထွင်း၍ မြင်နိုင်ခြင်း။
၄။ သူတစ်ပါးတို့ စိတ်အကြံကို သိခြင်း။
၅။ တပည့်များအား ကမ္မဋ္ဌာန်းပေးရာ၌ မည်သည့်တပည့် မည်သည့်ဉာဏ်ရပြီဟု သိခြင်းတို့ဖြစ်၏။
အင်ကြင်းမြောင်ဆရာတော်ခံ နည်းခံ၍ လေးနှစ်မျှအကြာ ၁၂၇၈–ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့တွင် ဆရာတော် ပျံလွန်တော်မူ၏။ ထိုတောရ၌ ၁၄–နှစ် သီတင်းသုံးတော်မူသွားသည်။ သက်တော် ၅၆–နှစ်၊ သိက္ခာတော် ၃၇–ဝါအရ ပျံလွန်တော်မူသဖြင့် အားကိုးရာမဲ့ ဖြစ်ရ၏။

(ငယ်စဉ်လက်မ ပျောက်၍ ငိုခဲ့ရသည်မှာ ယခုကြုံလေပြီ။ မိခင်ကြီးက လက်မ ကို ရှာပေးသကဲ့သို့ အင်ကြင်းမြောင် ဆရာတော်ကြီးသည် လယ်တီဆရာတော် ပြည်သို့ရောက်ခိုက် တပည့်ဦးသီရိအား အတူခေါ်၍ သွားခဲ့ဖူးသည်။ ကြိုတင်သိမြင်တော်မူဟန်ရှိ၏။ လက်မ တွေ့လေပြီ။ ။ စာရေးသူ)

**ဆရာရှာထွက်ခြင်း သို့မဟုတ် တရားစစ်ခံခြင်း**

ဦးသူရိယစသော တပည့်အဖော်သုံးပါး၊ ဒကာတစ်ယောက်နှင့်အတူ ဆရာရှာထွက်ခဲ့၏။ ရွှေတိဂုံ၊ ရွှေမော်ဓော ဘုရားများထူးပြီးလျှင် သထုံသို့ ရထားဆက်စီးကာ သာသနပဗ္ဗောတိကတိုက် မင်းကွန်းဆရာတော်ဘုရားကြီးထံ တစ်ည တည်းခို၍ အလုပ်နှင့်စပ်သမျှ လျှောက်ထားမှတ်သားခဲ့ရသည်။

ထို့နောက် မော်လမြိုင်၊ ကျိုက်ထီးရိုး၊ ကျိုက်ထို၊ ထိုမှ ပဲခူးသို့ ပြန်လျှင် တပည့်များနှင့်ခဲ့ကာ

"ယခုလို ရှုမှတ်နေတာဟာ ဗောဇ္ဈင်တရားတွေ ပွားများနေတာဖြစ်တဲ့အတွက် ရောဂါမဖြစ်နိုင်တာ။ ဖြစ်နေတဲ့ရောဂါတောင် ပျောက်သွားစေနိုင်တယ်" ဟု မိန့်တော်မူရာ မိမိသဘောပေါက်သည်နှင့် တစ်ထပ်ထဲ ဖြစ်နေတော့၏။ လေးလအတွင်း လေးငါးကြိမ်မျှသာ တရားနာဖူးရာ ဆရာတော်ဟောသည်မှာ သုတ်ပါဠိတော်ကြီး တစ်ခုခုကို မူတည်၍ ပါဠိရွတ်လိုက် မြန်မာပြန်လိုက်ဖြင့် 'အပိုချဲ့ထွင်ခြင်း များစွာမပါဘဲ' ဟောပြတော်မူသည်။

"ဒါလောက်ဆိုလျှင် ပြည့်စုံပြီ။ အနက်အဓိပ္ပာယ်ဆွဲလျှင် လွဲသွားတတ်တယ်" ဟူ၍ပင် အမိန့် ရှိလိုက်သေး၏။ အလွန်မှတ်သားထိုက်သော ဩဝါဒ စကားတော်ပါပေ။ တစ်နေ့သောအခါ တွင်လည်း အဝိဇ္ဇာနှင့်စပ်၍ မရှင်းလင်းသော အချက်တစ်ခုကို အောက်ပါအတိုင်း လျှောက်ထား ဖြေဆိုတော်မူသည်။

"ဆရာတော်ဘုရား၊ ကျမ်းဂန်တို့၌ ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေးဘဝများစွာ၌ ဖုံးလွှမ်းထားသော အဝိဇ္ဇာကို ပယ်သည်ဟု ဆိုပါသည်။ သုက္ခဝိပဿက ရဟန္တာမှာ အဘိညာဉ် မရ၍ ထိုအဝိဇ္ဇာ ကျန်ရှိနေသေးသကဲ့သို့ ဖြစ်နေပါသည်။"

"ဦးသောဘန၊ လောကီအဘိညာဉ်ဖြင့် ကိလေသာကို ပယ်သည်မှာ ဝိက္ခမ္ဘနမျှသာ ဖြစ်တယ်၊ အရိယမဂ်ဖြင့်ပယ်မှ အမြစ်ပြတ်တယ်၊ သုက္ခဝိပဿက ရဟန္တာမှာ အဘိညာဉ်ကို မရပေမယ့် အရဟတ္တမဂ် သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပါမကျန်အောင် အဝိဇ္ဇာအားလုံး ပယ်သတ်ပြီး ဖြစ်တယ်လို့ ယူသင့်တယ်။"

ဦးသောဘနသည် ဇေတဝန် ဆရာတော်ကြီးထံ၌ တရားရှုမှတ်ရ၊ မသိသည်ကို မေးလျှောက်ရသဖြင့် လေးလတိုင်တိုင် ကျန်းကျန်းမာမာ ဝမ်းသာအားရရှိခိုက် မိမိဆရာဘုန်းကြီး မမာမကျန်း ဖြစ်နေကြောင်း မှာကြား၍ ၁၂၉၄-ခုနှစ်၊ ဝါဆိုလဆန်း ခုနစ်ရက်နေ့တွင် မော်လမြိုင်သို့ ပြန်ကြွရသည်။ ခုနစ်ရက်အရ ပျံလွန်တော်မူ၍ တောင်ဝိုင်းကလေး တိုက်ကျောင်း ဆရာတော်အဖြစ် ဆက်လက် တာဝန်ယူကာ စာချဆရာလုပ်၍ နေရပြန်၏။

သထုံ၌ တစ်နှစ်ခန့်နေလိုသော်လည်း နောက်ထပ်နေခွင့် မရတော့ပေ။ ('တစ်နှစ်လောက် လုပ်မှ တရားထူးရမည်' ဟုလည်း မိမိကိုယ်ကိုလျှော့၍ တွက်ထားခြင်းမျှသာ။)

ရှစ်ဝါရ စာချဘုန်းကြီးကလေး ဦးသောဘနကား ယခုအခါ သက်တော် ၇၈-ကျော်ပြီဖြစ်သော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပင်တည်း။ မဟာစည် ဆရာတော် ဘုရားကြီးက သထုံ၌ မိမိအားထုတ်စက သတိပဋ္ဌာန် တရားအပေါ် အထင်အမြင် အယူအဆမှားခဲ့ပုံ၊ ပထမက အယုံအကြည် နည်းခဲ့ပုံများကို အမြို့မြို့ တရားပွဲများ၌ အကြိမ်ကြိမ် ဟောကြားတော်မူဖူးပါ၏။ (အရိယာဝါသ တရားတော် ၅၆-၈-၌ ကြည့်ပါရန်။)
ကျမ်းပြုချင်လွန်း၍ ကမ္မဋ္ဌာန်းမှု မတွင်

ဆရာတော်သည် စိတ်ခက်ထန် ပြင်းပြသော အာဇာနည် ယောကျာ်းမြတ်ကြီး ဖြစ်၏။ မိမိလုပ်လိုသည်ကို နောက်မဆုတ်တတ်။ ရွပ်ရွပ်ချွံချွံ လုပ်လေ့ရှိသည်။ ထိုစိတ်ဓာတ်မျိုးသည် အလုပ်မှန်နှင့်တွေ့ရန် လိုအပ်၏။

သုတ်သင်ပေးကြရသည်။ အလောင်းတော်ကိုလည်း မီးမသင်္ဂြိုဟ်ဘဲ ဂူသွင်းထားရန် မိန့်မှာတော် မူခဲ့၏။

အလောင်းတော်မှာ ပျောင်းအိနူးညံ့လျက် လက်ခြေများ အချိန်မရွေး ကွေးဆန့် လှုပ်ရှား၍ ရကြောင်း၊ဆံတော်များကိုလည်း မကြာခဏရိတ်ပေးရကြောင်း အဋ္ဌုပ္ပတ္တိ စာအုပ်၌ ဖတ်ရှု ရပေသည်။ အခြား ပြုစုဖူးသော ကျမ်းများလည်း မရှိ၍ မကြည့်ရ။ မည်သည့်တရားကို နှလုံးသွင်းသည်ဟုလည်း မထင်ရှား။

ဆရာတော် ဦးကေသရမတိုင်မီ ငါးဆက် ခြောက်ဆက်က ထိုကျောင်း၌ သီတင်းသုံးခဲ့သော နဲ့သမိန်ရွာ ဇာတိ လူအမည် ဦးပိုင်၊ ရဟန်းဘွဲ့တော် ဦးဝိစာရခေါ် ဘုန်းတော်ကြီးမှာလည်းဤယခု ဆရာတော်ကဲ့သို့ပင် ထိုခေတ်က 'ရဟန္တာ' ဟု ကျော်ကြားကာ ယခုကဲ့သို့ပင်ပွဲလမ်းတမျှဖူးမြော် လှူဒါန်းကြကြောင်းကိုပါ ဖော်ပြထားလေသည်။ ဘူမိနက်သံ ဌာနေပါပေ။

မြတ်စွာဘုရားရှင်၏ တရားတော်ကား ခေတ်ကာလ အချိန်အခါမရွေး အတွေးအထင်ဖြင့် ဆုံးဖြတ်၍ မရအောင် အစိန္တေယျဂုဏ်ကို ဆောင်မြဲဆောင်နေမည်သာပါတကား။

သိသူမှသာ သိနိုင်ပေတော့မည်။

**မိုးကုတ် ဆရာတော်**
**(၁၂၆၁–၁၃၂၄)**

"ပစ္စည်းဥစ္စာတွေ၊ သားသမီးတွေနဲ့ ပြည့်စုံတဲ့လူကို ဘုရားက 'ကျီးတစ်ကောင် အမဲသား တစ် ရတာနဲ့' တူတယ်လို့ ဟောတယ်"

"သားတစ်ကို ဟိုကျီးက စားချင်၊ ဒီကျီးက စားချင်၊ သားတစ်ရထားတဲ့ ကျီးနောက်ကို အကုန် ပြုလိုက်ပြီး ထိုးကြ၊ ဆိတ်ကြ၊ ဆွကြ၊ လုကြတယ်။ နဂိုက အထိုးခံရသလား၊ သားတစ်ရခါမှ အထိုး ခံရတာလား။"

"နဂိုကတော့ အဖော်ချင်းပဲ။ ဘယ့်လောက်ထိအောင်ခံရသလဲ ဆိုတော့ ပါးစပ်က သားတစ် ပြုတ်ကျလောက်အောင်၊ နာကျင်အောင် ခံရတယ်။ သားတစ်လွှတ်လိုက်တော့ မထိုးကြတော့ဘူး။ နောက်ရသွားတဲ့အကောင်နောက် လိုက်ပြီး ထိုးကြ ဆိတ်ကြပြန်တယ်။"

---

## လူ့အထာကို သိ၍ မညာမတာ မိန့်ဆိုခြင်း

"ကိုယ့်ကိုကိုယ် ခင်နေတာ၊ ပစ္စည်းဥစ္စာတွေ ခင်နေတာ၊ သားလင် ခင်ပွန်း တိုက်တာတွေ ခင်နေတာ သားတစ်ကို ချီကိုက်ထားတာပဲ။ ဒါကြောင့် အစိုးရက ပေးပါ အိမ်ခွန်၊ ပေးပါ အမြတ်တော် ကြေး ဆိုတော့ ထိုးပြီ မဟုတ်လား။"

"သူခိုးဓားပြကလဲချောင်းပြီး မလစ်နဲ့၊ လစ်ရင် လူသတ်ပစ္စည်းယူမယ်၊ မလွှတ်နိုင်ရင် သေရမှာပဲ၊

